## ပုံစံ ဈ-၄(ခ)၊ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ စုံစမ်းစစ်ဆေးမှုဆိုင်ရာ ပထမ အကြောင်းကြားစာ

*ပုဒ်မ ၄၃၁ (က)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

| |
|---|
| ရုံးသုံးအတွက်သာ |

**ကုမ္ပဏီအမည်**

| |
|---|
| |

**မှတ်ပုံတင်အမှတ်**

| |
|---|
| |

### ၁။ အထွေထွေညွှန်ကြားချက်များ

ပုဒ်မ ၄၃၁ (က)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

" ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ဖွယ် အကြောင်းရှိလျှင် ထိုကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ-မရှိ မေးမြန်းရန်နှင့် ပြန်လည်တင်ပြရန် မှတ်ပုံတင်အရာရှိက အကြောင်းကြားစာ တစ်စောင်ကို စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်း တစ်ခုခုဖြင့်ဖြစ်စေ ကုမ္ပဏီသို့ အသိပေးနိုင်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အဆိုပါကုမ္ပဏီသို့ ပေးပို့ အကြောင်းကြားရမည်။ "

ပုဒ်မ ၄၃၁ (ခ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

" မှတ်ပုံတင်အရာရှိသည် အဆိုပါအကြောင်းကြားစာကို ပေးပို့ပြီးနောက် ၂၈ ရက်အတွင်း ဖြေကြားမှု တစ်စုံတစ်ရာ ကိုမရရှိခဲ့လျှင် အဆိုပါကာလ ကုန်ဆုံးပြီးနောက် ၆၀ ရက်အတွင်း ပထမအကြောင်းကြားစာကို ရည်ညွှန်းလျက် ပုဒ်မခွဲ (က) ပါနည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ ပေးပို့ရမည်ဖြစ်ပြီး ထိုအကြောင်းကြားစာတွင် ဖြေကြားမှုတစ်စုံတစ်ရာ မရရှိခဲ့ကြောင်း ဖော်ပြပါရှိစေရမည်။ ဒုတိယအကြောင်းကြားစာ ပေးပို့သည့်နေ့မှ ၂၈ ရက် အတွင်း ဒုတိယအကြောင်းကြားစာအပေါ် ဖြေကြားမှုမရရှိခဲ့လျှင် ကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက် သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ "

### ၂။ မှတ်ပုံတင်အရာရှိထံမှ အကြောင်းကြားစာ

မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၃၁ (က)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) နှင့် အညီ ကုမ္ပဏီသည် စီးပွားရေး လုပ်ငန်းများ ကို လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ-မရှိ နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသည့် ဤအကြောင်းကြားစာကို ပေးပို့သည်။

ကုမ္ပဏီသည် ဤအကြောင်းကြားစာ ရရှိပြီး ၂၈ ရက် အတွင်း (ပုံစံ ဈ-၄(က) ကို ဖြည့်စွက်ခြင်းဖြင့်) ဤအကြောင်းကြားစာကို ပြန်ကြားရမည်။